# အဘိဓမ္မပိဋက

# ပိဋကတ်ပါဠိတော်

မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

## (သမ္မပ္ပဓာန် လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

### ၁ - သုတ္တန္တဘာဇနီယနည်း (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန် လေးပါး (တရားအားထုတ်ခြင်း လုံ့လ လေးမျိုး)

(၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု

(၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု

(၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု

(၄) ကုသိုလ်တည်တံ့တိုးပွါးရန် ကြိုးစားမှု

သမ္မပ္ပဓာန် လေးပါး အကျယ်

(၁) အကုသိုလ်မဖြစ်ရန် ကြိုးစားမှု အကျယ်

(၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု အကျယ်

(၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု အကျယ်

(၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

------

# ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

(အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန် လေးပါး (တရားအားထုတ်ခြင်း လေးမျိုး)

(၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု

(၂) အကုသိုလ် ပယ်ရန် ကြိုးစားမှု

(၃) ကုသိုလ် ဖြစ်ရန် ကြိုးစားမှု

(၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု

သမ္မပ္ပဓာန် လေးပါး အကျယ်

(၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု အကျယ်

(၂) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု အကျယ်

(၃) ကုသိုလ် ဖြစ်ရန် ကြိုးစားမှု အကျယ်

(၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

သမ္မပ္ပဓာန် အရကောက်

------

## ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

## ၃ - ပဉ္စာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

သမ္မပ္ပဓာန် လေးပါး

------

သမ္မပ္ပဓာန် လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်း သက်သက်ကို ပြခြင်း

တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

(၁) ကုသလတိက် အမေးပုစ္ဆာ

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

(၁၀၀) သရဏဒုက် အမေးပုစ္ဆာ

------

သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ
(၂) ဝေဒနာတိက် အဖြေ
(၃) ဝိပါကတိက် အဖြေ
(၄) ဥပါဒိန္နတိက်အဖြေ
(၅) သံကိလိဋ္ဌတိက် အဖြေ
(၆) ဝိတက်တိက် အဖြေ
(၇) ပီတိတိက် အဖြေ
(၈) ဒဿနတိက် အဖြေ
(၉) ဒဿနဟေတုတိက် အဖြေ
(၁၀) အာစယဂါမိတိက် အဖြေ
(၁၁) သေက္ခတိက် အဖြေ
(၁၂) ပရိတ္တတိက် အဖြေ
(၁၃) ပရိတ္တာရမ္မဏတိက် အဖြေ
(၁၄) ဟီနတိက် အဖြေ
(၁၅) မိစ္ဆတ္တတိက် အဖြေ
(၁၆) မဂ္ဂါရမ္မဏတိက် အဖြေ
(၁၇) ဥပ္ပန္နတိက် အဖြေ
(၁၈) အတီတတိက် အဖြေ
(၁၉) အတီတာရမ္မဏတိက် အဖြေ (တိက်မုတ်)
(၂၀) အဇ္ဈတ္တတိက် အဖြေ
(၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေ
(၂၂) သနိဒဿနတိက် အဖြေ

----

## ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

### ၃ - ပဉှာပုစ္ဆကနည်း

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆက အဖြေဝိသဇ္ဇနာ

(၁) ဟေတုဒုက်
(၂) သဟေတုကဒုက်
(၃) ဟေတုသမ္ပယုတ္တဒုက်
(၄) ဟေတုသဟေတုကဒုက်
(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်
(၆) နဟေတုသဟေတုကဒုက်

------

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

(၇) သပ္ပစ္စယဒုက်
(၈) သင်္ခတဒုက်
(၉) သနိဒဿနဒုက်
(၁၀) သပ္ပဋိဃဒုက်
(၁၁) ရူပီဒုက်
(၁၂) လောကိယာဒုက်
(၁၃) ကေနစိဝိညေယျဒုက်

------

အာသဝဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် (ဒုက်မုတ်)
(၁၉) အာသဝဝိပ္ပယုတ္တဒုက်

------

## ၈ - သမ္မပ္ပဓာနဝိဘင်

## ၃ - ပဥှာပုစ္ဆကနည်း

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

သံယောဇနဂေါစ္ဆက အဖြေ

(၂၀-၂၅) သံယောဇနဒုက်

------

ဂန္ထဂေါစ္ဆက အဖြေ

(၂၆-၃၁) ဂန္ထဒုက်

------

ဩဃဂေါစ္ဆက အဖြေ

(၃၂-၃၇) ဩဃဒုက်

------

ယောဂဂေါစ္ဆက အဖြေ

(၃၈-၄၃) ယောဂဒုက်

------

နီဝရဏဂေါစ္ဆက အဖြေ

(၄၄-၄၉) နီဝရဏဒုက်

------

ပရာမာသဂေါစ္ဆက အဖြေ

(၅၀-၅၄) ပရာမာသဒုက်

------

မဟန္တရဒုက် အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘုဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

------

## ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆကနည်း

ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

| ဥပါဒိန္နဂေါစ္ဆက အဖြေ | ကိလေသဂေါစ္ဆက အဖြေ |
| --- | --- |
| (၆၉-၇၄) ဥပါဒိန္နဒုက် | (၇၅-၈၂) ကိလေသဒုက် |

ပိဋ္ဌိဒုက် အဖြေ

| | |
| --- | --- |
| (၈၃) ဒဿနေနပဟာတဗ္ဗဒုက် | (၉၂) ဥပေက္ခာသဟဂတဒုက် |
| (၈၄) ဘာဝနာယပဟာတဗ္ဗဒုက် | (၉၃) ကာမာဝစရဒုက် |
| (၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက် | (၉၄) ရူပါဝစရဒုက် |
| (၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက် | (၉၅) အရူပါဝစရဒုက် |
| (၈၇) သဝိတက္ကဒုက် | (၉၆) ပရိယာပန္နဒုက် |
| (၈၈) သဝိစာရဒုက် | (၉၇) နိယျာနိကဒုက် |
| (၈၉) သပ္ပီတိကဒုက် | (၉၈) နိယတဒုက် |
| (၉၀) ပီတိသဟဂတဒုက် | (၉၉) သဉတ္တရဒုက် |
| (၉၁) သုခသဟဂတဒုက် | (၁၀၀) သရဏဒုက် |

### သမ္မပ္ပဓာန်လေးပါးတို့ကို ဝေဖန်၍ ပြသော သမ္မပ္ပဓာနဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၈ - သမ္မပ္ပဓာနဝိဘင်္ဂ

## (သမ္မပ္ပဓာန် လေးပါးတို့ကို ဝေဖန်၍ပြသော ဝိဘင်း)

## === ၁ - သုတ္တန္တဘာဇနီယနည်း ===

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

## သမ္မပ္ပဓာန် လေးပါး

## (တရားအားထုတ်ခြင်း လုံ့လ လေးမျိုး)

### (၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု

၃၉၀။ တရားအားထုတ်ခြင်း 'သမ္မပ္ပဓာန်' လေးပါးတို့ကား- ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ် တရားယုတ်တို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု

ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ် တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု

မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၄) ကုသိုလ်တည်တံ့တိုးပွါးရန် ကြိုးစားမှု

ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၁ - သုတ္တန္တဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၁) အကုသိုလ်မဖြစ်ရန် ကြိုးစားမှု အကျယ်

၃၉၁။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ် သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် မဖြစ်သေးသော အကုသိုလ် တရားယုတ်တို့ မည်သနည်း။

လိုချင်တပ်မက်မှု 'လောဘ'၊ ကြမ်းတမ်းမှု 'ဒေါသ'၊ တွေဝေမှု (အမှန်မသိမှု) 'မောဟ'ဟု ဆိုအပ်သော အကုသိုလ်မူ သုံးပါးတို့သည် လည်းကောင်း၊ ထိုအကုသိုလ်မူ သုံးပါးနှင့် အတူဖြစ်သော ကိလေသာတို့သည် လည်းကောင်း၊ ထိုအကုသိုလ်မူ သုံးပါးနှင့် ယှဉ်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် လည်းကောင်း၊ ထိုအကုသိုလ်မူ သုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ'သည် လည်းကောင်း ရှိ၏။ ဤတရားတို့ကို မဖြစ် သေးသော အကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤမဖြစ်သေးသော အကုသိုလ် တရားတို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လ ထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၃၉၂။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင် လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ် ဖြစ်ပေါ်စေ၏၊ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၃၉၃။ "လုံ့လပြု၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏၊ ကောင်းစွာ ပြည့်စုံစေ၏၊ ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏"ဟု ဆိုအပ်၏။

၃၉၄။ "လုံ့လထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သော အားထုတ်မှု ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏၊ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လကို ထုတ်၏၊ ကောင်းစွာ အားထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏၊ ထို့ကြောင့် "လုံ့လကို ထုတ်၏" ဟု ဆိုအပ်၏။

၃၉၅။ "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ် အားလျော် သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ် ထောက်ပံ့၏၊ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏" ဟု ဆိုအပ်၏။

၃၉၆။ "အဆက်မပြတ်အားထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်း ဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "အဆက် မပြတ်အားထုတ်၏" ဟု ဆိုအပ်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၁ - သုတ္တန္တဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၂) အကုသိုလ်ပယ်ရန် ကြိုးစားမှု အကျယ်

၃၉၇။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ် သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ မည်ကုန်သနည်း။

လိုချင်တပ်မက်မှု 'လောဘ'၊ ကြမ်းတမ်းမှု 'ဒေါသ'၊ တွေဝေမှု (အမှန်မသိမှု) 'မောဟ' ဟု ဆိုအပ်သော အကုသိုလ်မူ သုံးပါးတို့သည် လည်းကောင်း၊ ထိုအကုသိုလ်မူ သုံးပါးနှင့် အတူဖြစ်သော ကိလေသာ တို့သည် လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ'သည် လည်းကောင်း၊ ထိုအကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ'သည်လည်းကောင်း ရှိ၏။ ဤတရား တို့ကို ဖြစ်ပြီးသော အကုသိုလ်တရားယုတ်တို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဖြစ်ပြီးသော အကုသိုလ် တရားယုတ် တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၃၉၈။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ' သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ် ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၃၉၉။ “လုံ့လပြု၏” ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် လုံ့လပြု၏ ဟုဆိုအပ်၏။

၄၀၀။ “လုံ့လထုတ်၏” ဟု ဆိုရာ၌ အဘယ်သည် လုံ့လ မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လကို ထုတ်၏၊ ကောင်းစွာ ထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် “လုံ့လကို ထုတ်၏”ဟု ဆိုအပ်၏။

၄၀၁။ “စိတ်ကိုမြှောက်ပင့်၏”ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု ‘စိတ္တ’၊ သိမှု သဘော ‘မန’၊ သိခြင်းသဘော ‘မာနသ’။ပ။ ထိုစိတ်အား လျော်သော အထူးသိမှု သဘော ‘တဇ္ဇာမနောဝိညာဏဓာတ်’ သည် ရှိ၏။ ဤသဘောကို စိတ်ဟု ဆိုအပ်၏။

ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ်ထောက်ပံ့၏။ ထို့ကြောင့် “စိတ်ကို မြှောက်ပင့်၏” ဟု ဆိုအပ်၏။

၄၀၂။ “အဆက်မပြတ် အားထုတ်၏”ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု ‘ဝီရိယာရမ္ဘ’။ပ။ ကောင်းစွာ အားထုတ်မှု ‘သမ္မာဝါယာမ’ သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် “အဆက်မပြတ် အားထုတ်၏” ဟု ဆိုအပ်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၁ - သုတ္တန္တဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၃) ကုသိုလ်ဖြစ်ရန် ကြိုးစားမှု အကျယ်

၄၀၃။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ် သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် မဖြစ်သေးသော ကုသိုလ်တရားတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ မကြမ်းတမ်းမှု 'အဒေါသ'၊ မတွေဝေမှု (အမှန်သိမှု) 'အမောဟ' ဟုဆိုအပ်သော ကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည် လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ' သည်လည်းကောင်း ရှိ၏။ ဤတရား တို့ကို မဖြစ်သေးသော ကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤမဖြစ်သေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၄၀၄။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏"ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏"ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏"ဟု ဆိုရာ၌။ပ။

"အဆက်မပြတ်အားထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် "အဆက်မပြတ် အားထုတ် ၏" ဟု ဆိုအပ်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၁ - သုတ္တန္တဘာဇနီယနည်း ===

### သမ္မပ္ပဓာန် လေးပါး အကျယ်

#### (၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

၄၀၅။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လ ထုတ် သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ်သနည်း။

ထိုစကားရပ်၌ အဘယ်တို့သည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ မည်ကုန်သနည်း။

မလိုချင်မတပ်မက်မှု 'အလောဘ'၊ မကြမ်းတမ်းမှု 'အဒေါသ'၊ မတွေဝေမှု (အမှန်သိမှု) 'အမောဟ' ဟု ဆိုအပ်သော ကုသိုလ်မူသုံးပါးတို့သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးနှင့်ယှဉ်သော ခံစားမှု အစု 'ဝေဒနာက္ခန္ဓာ'၊ မှတ်သားမှု အစု 'သညာက္ခန္ဓာ'၊ ပြုပြင်မှု အစု 'သင်္ခါရက္ခန္ဓာ'၊ သိမှု အစု 'ဝိညာဏက္ခန္ဓာ' သည်လည်းကောင်း၊ ထိုကုသိုလ်မူသုံးပါးကြောင့်ဖြစ်သော ကိုယ်ဖြင့် ပြုအပ်သော အမှု 'ကာယကံ'၊ နှုတ်ဖြင့် ပြုအပ်သော အမှု 'ဝစီကံ'၊ စိတ်ဖြင့် ပြုအပ်သော အမှု 'မနောကံ' သည်လည်းကောင်း ရှိ၏။ ဤတရားတို့ကို ဖြစ်ပြီးသော ကုသိုလ်တရားတို့ဟု ဆိုအပ်ကုန်၏။ ဤသို့ ဤဖြစ်ပြီးသော ကုသိုလ် တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၄၀၆။ "တည်တံ့ရန်"ဟု ဆိုရာ၌ တည်တံ့ခြင်းဟူသည် မပျောက်ပျက်ခြင်းတည်း၊ မပျောက်ပျက်ခြင်း ဟူသည် များစွာဖြစ်ပွါးခြင်းတည်း၊ များစွာဖြစ်ပွါးခြင်းဟူသည် ပြန့်ပြောခြင်းတည်း၊ ပြန့်ပြောခြင်း ဟူသည် တိုးပွါးခြင်းတည်း၊ တိုးပွါးခြင်းဟူသည် ပြည့်စုံခြင်းတည်း။

၄၀၇။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏" ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏" ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏" ဟု ဆိုရာ၌။ပ။

"အဆက်မပြတ် အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ' သည် ရှိ၏။ ဤသဘောကို အားထုတ်ခြင်းဟု ဆိုအပ်၏။

ဤအားထုတ်ခြင်းနှင့် ပြည့်စုံ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏၊ ထို့ကြောင့် အဆက်မပြတ် အားထုတ်၏ ဟု ဆိုအပ်၏။

**သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသော သုတ္တန္တဘာဇနီယနည်း ပြီး၏။**

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၂ - အဘိဓမ္မဘာဇနီယနည်း ===

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

## သမ္မပ္ပဓာန် လေးပါး

## (တရားအားထုတ်ခြင်း လေးမျိုး)

### (၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု

၄၀၈။ တရားအားထုတ်ခြင်း (သမ္မပ္ပဓာန်) လေးပါးတို့ကား- ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ် တရားယုတ်တို့ မဖြစ်ပေါ်အောင် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၂) အကုသိုလ် ပယ်ရန် ကြိုးစားမှု

ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ် တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၃) ကုသိုလ် ဖြစ်ရန် ကြိုးစားမှု

မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

### (၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု

ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန် တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၂ - အဘိဓမ္မာဘာဇနီယနည်း ===

### သမ္မပ္ပဓာန် လေးပါး အကျယ်

### (၁) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု အကျယ်

၄၀၉။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ် သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန် ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ဤသို့ မဖြစ်သေးသော အကုသိုလ် တရားယုတ်တို့ မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၁၀။ "ဆန္ဒကို ဖြစ်စေ၏" ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ် ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၄၁၁။ "လုံ့လပြု၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝါယာမ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။

ဤလုံ့လနှင့် ပြည့်စုံစေ၏၊ ကောင်းစွာ ပြည့်စုံစေ၏၊ ပြည့်စုံ၏၊ ကောင်းစွာ ပြည့်စုံ၏၊ ပြည့်စုံခြင်းသို့ ရောက်၏၊ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏"ဟု ဆိုအပ်၏။

၄၁၂။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်း ဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို လုံ့လဟု ဆိုအပ်၏။ ဤလုံ့လကို ထုတ်၏၊ ကောင်းစွာ အားထုတ်၏၊ မှီဝဲ၏၊ တိုးပွါးစေ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် "လုံ့လထုတ်၏"ဟု ဆိုအပ်၏။

၄၁၃။ "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြင် ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ်ဟုဆိုအပ်၏။ ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ် ထောက်ပံ့၏။ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏ ဟု ဆိုအပ်၏။

၄၁၄။ 'အဆက်မပြတ် အားထုတ်၏' ဟု ဆိုရာ၌ အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၂ - အဘိဓမ္မဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၂) အကုသိုလ် မဖြစ်ရန် ကြိုးစားမှု အကျယ်

၄၁၅။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော (မဖြစ်တော့ဟု မဆိုနိုင်သော) အကုသိုလ် တရားယုတ်တို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့် သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ်အားထုတ်၏။

၄၁၆။ "ဆန္ဒကို ဖြစ်စေ၏" ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏" ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏"ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏" ဟု ဆိုရာ၌။ပ။

"အဆက်မပြတ် အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း 'သမ္မပ္ပဓာန်' မည်သနည်း။

အကြင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်' ဟု ဆိုအပ်၏။

ကြွင်းသောတရား တို့သည် ကောင်းသောအားထုတ်မှု 'သမ္မပ္ပဓာန်'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၂ - အဘိဓမ္မဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၃) ကုသိုလ် ဖြစ်ရန် ကြိုးစားမှု အကျယ်

၄၁၇။ အဘယ်သို့လျှင် ရဟန်းသည် မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြုသနည်း၊ လုံ့လထုတ်သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ် အားထုတ် သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့် ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၄၁၈။ "ဆန္ဒကို ဖြစ်စေ၏" ဟု ဆိုရာ၌။ပ။

"လုံ့လပြု၏" ဟု ဆိုရာ၌။ပ။

"လုံ့လထုတ်၏" ဟု ဆိုရာ၌။ပ။

"စိတ်ကိုမြှောက်ပင့်၏" ဟု ဆိုရာ၌။ပ။

"အဆက်မပြတ်အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်ခြင်း 'သမ္မပ္ပဓာန်' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသောတရား တို့သည် ကောင်းသောအားထုတ်မှု 'သမ္မပ္ပဓာန်'နှင့် ယှဉ်သော တရားတို့ မည်ကုန်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၂ - အဘိဓမ္မဘာဇနီယနည်း ===

## သမ္မပ္ပဓာန် လေးပါး အကျယ်

### (၄) ကုသိုလ် တည်တံ့တိုးပွါးရန် ကြိုးစားမှု အကျယ်

၄၁၉။ အဘယ်သို့လျှင် ရဟန်းသည် ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန်၊ မပျောက် ပျက်ရန်၊ များစွာ ဖြစ်ပွါးရန်၊ ပြန့်ပြောရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေသနည်း၊ လုံ့လပြု သနည်း၊ လုံ့လထုတ် သနည်း၊ စိတ်ကို မြှောက်ပင့်သနည်း၊ အဆက်မပြတ်အားထုတ်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန် အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာဈာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမဈာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ ဖြစ်ပြီးသော ကုသိုလ် တရားတို့ တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ များစွာဖြစ်ပွါးရန်၊ ပြန့်ပြောရန်၊ တိုးပွါးရန်၊ ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

၄၂၀။ "တည်တံ့ရန်"ဟု ဆိုရာ၌ တည်တံ့ခြင်းဟူသည် မပျောက်ပျက်ခြင်းတည်း၊ မပျောက်ပျက်ခြင်း ဟူသည် များစွာဖြစ်ပွါးခြင်းတည်း၊ များစွာဖြစ်ပွါးခြင်းဟူသည် ပြန့်ပြောခြင်းတည်း၊ ပြန့်ပြောခြင်း ဟူသည် တိုးပွါးခြင်းတည်း၊ တိုးပွါးခြင်းဟူသည် ပြည့်စုံခြင်းတည်း။

၄၂၁။ "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုရာ၌ အဘယ်သည် ဆန္ဒ မည်သနည်း။

အကြင်လိုလားမှု 'ဆန္ဒ'၊ လိုလားသည်၏ အဖြစ် 'ဆန္ဒိကတာ'၊ ပြုလိုသည်၏ အဖြစ် 'ကတ္တုကမျတာ'၊ ကုသိုလ်တရားတို့ကို လိုလားမှု 'ကုသလဓမ္မစ္ဆန္ဒ'သည် ရှိ၏။ ဤသဘောကို ဆန္ဒဟု ဆိုအပ်၏။

ဤဆန္ဒကို ဖြစ်စေ၏၊ ကောင်းစွာ ဖြစ်စေ၏၊ ထစေ၏၊ ကောင်းစွာ ထစေ၏၊ ဖြစ်ပေါ်စေ၏၊ အသစ်ဖြစ်ပေါ်စေ၏။ ထို့ကြောင့် "ဆန္ဒကို ဖြစ်စေ၏"ဟု ဆိုအပ်၏။

၄၂၂။ "လုံ့လပြု၏" ဟု ဆိုရာ၌ အဘယ်သည် လုံ့လ'ဝါယာမ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို လုံ့လ'ဝါယာမ'ဟု ဆိုအပ်၏။ ဤလုံ့လနှင့် ပြည့်စုံ စေ၏။ပ။ ကောင်းစွာ ပြည့်စုံခြင်းသို့ ရောက်၏။ ထို့ကြောင့် "လုံ့လပြု၏" ဟု ဆိုအပ်၏။

၄၂၃။ "လုံ့လထုတ်၏"ဟု ဆိုရာ၌ အဘယ်သည် လုံ့လ 'ဝီရိယ' မည်သနည်း။

အကြင် စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်းဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်' သည် ရှိ၏။ ဤသဘောကို လုံ့လ'ဝီရိယ'ဟု ဆိုအပ်၏။ ဤလုံ့လ'ဝီရိယ'ကို အားထုတ်၏၊ ကောင်းစွာ အားထုတ်၏၊ မှီဝဲ၏၊ ပွါးများ၏၊ အကြိမ်များစွာပြု၏။ ထို့ကြောင့် "လုံ့လကိုထုတ်၏"ဟု ဆိုအပ်၏။

၄၂၄။ "စိတ်ကို မြှောက်ပင့်၏" ဟု ဆိုရာ၌ အဘယ်သည် စိတ် မည်သနည်း။

အကြောင်း ဆန်းကြယ်မှု 'စိတ္တ'၊ သိမှု သဘော 'မန'၊ သိခြင်းသဘော 'မာနသ'။ပ။ ထိုစိတ် အားလျော်သော အထူးသိမှု သဘော 'တဇ္ဇာမနောဝိညာဏဓာတ်' သည် ရှိ၏။ ဤသဘောကို စိတ် ဟု ဆိုအပ်၏။ ဤစိတ်ကို မြှောက်ပင့်၏၊ ကောင်းစွာ မြှောက်ပင့်၏၊ ထောက်ပံ့၏၊ အထပ်ထပ် ထောက်ပံ့၏။ ထို့ကြောင့် "စိတ်ကို မြှောက်ပင့်၏"ဟု ဆိုအပ်၏။

၄၂၅။ "အဆက်မပြတ်အားထုတ်၏" ဟု ဆိုရာ၌ အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။ အကြောင်စိတ်၌ ဖြစ်ပေါ်သောအားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်း ဖြစ်သော အားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။ ကြွင်းသော တရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်' နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

**သမ္မပ္ပဓာန် အရကောက်**

၄၂၆။ ထိုတရားတို့တွင် အဘယ်သည် အားထုတ်မှု 'သမ္မပ္ပဓာန်' မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများ အားထုတ်၏၊ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်ကို ပြည့်စုံစေ၍ နေ၏။ ထိုအခါ၌ စိတ်၌ ဖြစ်သော အားထုတ်မှု 'ဝီရိယာရမ္ဘ'။ပ။ ကောင်းစွာ အားထုတ်မှု 'သမ္မာဝါယာမ'၊ မဂ်၏ အင်္ဂါဖြစ်သော၊ မဂ်၌ အကျုံးဝင်သော၊ သစ္စာလေးပါးတို့ကို သိကြောင်း ဖြစ်သောအားထုတ်မှု 'ဝီရိယသမ္ဗောဇ္ဈင်'သည် ရှိ၏။ ဤသဘောကို အားထုတ်မှု 'သမ္မပ္ပဓာန်'ဟု ဆိုအပ်၏။

ကြွင်းသော တရားတို့သည် အားထုတ်မှု 'သမ္မပ္ပဓာန်'နှင့်ယှဉ်သော တရားတို့ မည်ကုန်၏။

**အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသော အဘိဓမ္မဘာဇနီယနည်းပြီး၏။**

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

## သမ္မပ္ပဓာန် လေးပါး

၄၂၇။ သမ္မပ္ပဓာန်လေးပါးတို့ကား-

(၁) ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော အကုသိုလ်တရားယုတ်တို့ မဖြစ်ပေါ်စေရန်ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏။ ပြင်းစွာ အားထုတ်၏။

(၂) ဖြစ်ပြီးသော (မဖြစ်တော့ ဟု မဆိုနိုင်သော) အကုသိုလ်တရားယုတ်တို့ကို ပယ်ရန်။ပ။

(၃) မဖြစ်ဖူးသေးသော ကုသိုလ်တရားတို့ ဖြစ်ပေါ်စေရန်။ပ။

(၄) ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်တံ့ရန် မပျောက်ပျက်ရန် များစွာဖြစ်ပွါးရန် ပြန့်ပြောရန်တိုးပွါးရန် ပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေ၏၊ လုံ့လပြု၏၊ လုံ့လထုတ်၏၊ စိတ်ကို မြှောက်ပင့်၏၊ အဆက်မပြတ် အားထုတ်၏။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## သမ္မပ္ပဓာန် လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်း သက်သက်ကို ပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကို ပြခြင်း

**(၁) ကုသလတိက် အမေးပုစ္ဆာ**

၄၂၈။ သမ္မပ္ပဓာန် လေးပါးတို့တွင်- ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

------

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာကိုပြခြင်း

**(၁၀၀) သရဏဒုက် အမေးပုစ္ဆာ**

ကိလေသာနှင့် တကွဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

ကိလေသာနှင့် တကွမဖြစ်သော တရားတို့သည် အဘယ်မျှရှိကုန်သနည်း။

**မှတ်ချက်။** ။ ဝေဒနာတိက်မှစ၍ သနိဒဿနတိက်အထိ ၂၁-တိက်နှင့် ဟေတုဒုက်မှ သဥတ္တရဒုက် အထိ ၉၉-ဒုက်တို့ကို ပေယျာလဖော်၍ ဟောပါ။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၁) ကုသလတိက် အဖြေဝိသဇ္ဇနာ**

၄၂၉။ (သမ္မပ္ပဓာန်လေးပါးတို့သည်) ကုသိုလ်တရားတို့ ဖြစ်ကုန်၏။

**(၂) ဝေဒနာတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

**(၃) ဝိပါကတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အကျိုးကို ဖြစ်စေခြင်း သဘော ရှိကုန်၏။

**(၄) ဥပါဒိန္နတိက်အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည်ကပ်အပ်သော ကံသည်အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဖြစ်ကုန်။

**(၅) သံကိလိဋ္ဌတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ကိလေသာတို့သည် ပူပန်စေအပ် သည်လည်း မဟုတ်၊ ကိလေသာ၏ အာရုံလည်း မဟုတ်ကုန်။

**(၆) ဝိတက်တိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ဝိတက်လည်း ရှိ၊ ဝိစာရလည်း ရှိကုန်၏။ ရံခါ ဝိတက်ကား မရှိ၊ ဝိစာရမျှသာ ရှိကုန်၏။ ရံခါဝိတက်လည်း မရှိ၊ ဝိစာရလည်း မရှိကုန်။

**(၇) ပီတိတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

**(၈) ဒဿနတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

**(၉) ဒဿနပဟာတုတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ် သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

**(၁၀) အာစယဂါမိတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်ကုန်၏။

**(၁၁) သေက္ခတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်ကုန်၏။

**(၁၂) ပရိတ္တတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) နှိုင်းယှဉ်ခြင်းကို ပြုတတ်သော ကိလေသာ၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏။

**(၁၃) ပရိတ္တာရမ္မဏတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) လောကုတ္တရာ (အပ္ပမာဏ) ကို အာရုံပြုကုန်၏။

**(၁၄) ဟီနတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) (အယုတ်အလတ်အမြတ်တို့တွင်) အမြတ် ဖြစ်ကုန်၏။

**(၁၅) မိစ္ဆတ္တတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

**(၁၆) မဂ္ဂါရမ္မဏတိက် အဖြေ**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မဂ်ကို အာရုံ မပြုမူ၍ မဂ်ဟု ဆိုအပ်သော အကြောင်း (ဟိတ်) ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏။ ရံခါ မဂ်ဟု ဆိုအပ်သော အဓိပတိပစ္စည်း ရှိကုန်၏ ဟု မဆိုအပ်ကုန်။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## သမ္မပ္ပဓာန်လေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## တိက် (၂၂)ပါးတို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကို ပြခြင်း

### (၁၇) ဥပ္ပန္နတိက် အဖြေ

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ခဏသုံးပါးသို့ ရောက်ဆဲဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်။ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ် ဖြစ်လတ္တံ့ ဖြစ်ကုန်၏ ဟု မဆိုအပ်ကုန်။

### (၁၈) အတီတတိက် အဖြေ

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ဖြစ်ပြီး (အတိတ်) ဖြစ်ကုန်၏။ ရံခါ မရောက်သေး (အနာဂတ်) ဖြစ်ကုန်၏။ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ဖြစ်ကုန်၏။

### (၁၉) အတီတာရမ္မဏတိက် အဖြေ (တိက်မုတ်)

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ မရောက်သေး (အနာဂတ်) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏ ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

### (၂၀) အဇ္ဈတ္တတိက် အဖြေ

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ အတွင်း 'အဇ္ဈတ္တ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အပ 'ဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။ ရံခါ အတွင်းအပ 'အဇ္ဈတ္တဗဟိဒ္ဓ' သန္တာန်၌ ဖြစ်ကုန်၏။

### (၂၁) အဇ္ဈတ္တာရမ္မဏတိက် အဖြေ

(သမ္မပ္ပဓာန် လေးပါးတို့သည်) အပ (ဗဟိဒ္ဓတရား=နိဗ္ဗာန်) ကို အာရုံပြုကုန်၏။

### (၂၂) သနိဒဿနတိက် အဖြေ

(သမ္မပ္ပဓာန် လေးပါးတို့သည်) မြင်ခြင်းလည်း မရှိ၊ ထိပါးခြင်းလည်း မရှိကုန်။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ဟေတုဂေါစ္ဆက အဖြေဝိသဇ္ဇနာ

**(၁) ဟေတုဒုက်**

၄၃၀။ (သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်မမည်ကုန်။

**(၂) သဟေတုကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်လည်း ရှိကုန်၏ဟု မဆိုအပ်ကုန်၊ ဟိတ်သာရှိ၍ဟိတ် မမည်ကုန်။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်လည်း မည်၊ ဟိတ်နှင့်လည်း ယှဉ်ကုန်၏ဟု မဆိုအပ်ကုန်။ ဟိတ်နှင့် သာယှဉ်၍ ဟိတ် မမည်ကုန်။

**(၆) နဟေတုသဟေတုကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဟိတ်မမည်မူ၍ ဟိတ်သာ ရှိကုန်၏။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

**(၇) သပ္ပစ္စယဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းနှင့်တကွ ဖြစ်ကုန်၏။

**(၈) သင်္ခတဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ကံ, စိတ်, ဥတု, အာဟာရဟူသော အကြောင်းတရားတို့သည် ပြုပြင်အပ် ကုန်၏။

**(၉) သနိဒဿနဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မြင်အပ်သော သဘော မရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ထိပါးတတ်သော သဘော မရှိကုန်။

**(၁၁) ရူပီဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) နာမ်တရား ဖြစ်ကုန်၏။

**(၁၂) လောကိယာဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) လောကမှ လွတ်မြောက်တတ်ကုန်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏။ တစ်စုံတစ်ခုသော စိတ်သည် မသိအပ်သော သဘောရှိကုန်၏။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## အာသဝဂေါစ္ဆကဒုက် အဖြေဝိသဇ္ဇနာ

**(၁၄) အာသဝဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာသဝ မမည်ကုန်။

**(၁၅) သာသဝဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာသဝ၏ အာရုံ မဖြစ်ကုန်။

**(၁၆) အာသဝသမ္ပယုတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

**(၁၇) အာသဝသာသဝဒုက် (ဒုက်မုတ်)**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာသဝ လည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝ၏ အာရုံသာ ဖြစ်၍ အာသဝ မမည်ကုန် ဟူ၍လည်းကောင်း မဆိုအပ်ကုန်။

**(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက် (ဒုက်မုတ်)**

(သမ္မပ္ပဓာန်ေ လးပါးတို့သည်) အာသဝ လည်းမည်၊ အာသဝ နှင့်လည်း ယှဉ်ကုန်၏ ဟူ၍ လည်းကောင်း၊ အာသဝနှင့်ယှဉ်၍ အာသဝ မမည်ကုန် ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

**(၁၉) အာသဝဝိပ္ပယုတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာသဝနှင့်လည်း မယှဉ်၊ အာသဝ၏ အာရုံလည်း မဖြစ်ကုန်။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

### ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### သံယောဇနဂေါစ္ဆက အဖြေ

**(၂၀-၂၅) သံယောဇနဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

------

### ဂန္ထဂေါစ္ဆက အဖြေ

**(၂၆-၃၁) ဂန္ထဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဂန္ထမ မည်ကုန်။ပ။

------

### ဩဃဂေါစ္ဆက အဖြေ

**(၃၂-၃၇) ဩဃဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

------

### ယောဂဂေါစ္ဆက အဖြေ

**(၃၈-၄၃) ယောဂဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

### ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### နီဝရဏဂေါစ္ဆက အဖြေ

**(၄၄-၄၉) နီဝရဏဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

------

### ပရာမာသဂေါစ္ဆက အဖြေ

**(၅၀-၅၄) ပရာမာသဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

**မှတ်ချက်။** ။ သံယောဇနဂေါစ္ဆကမှစ၍ ပရာမာသဂေါစ္ဆကအထိ ပေယျာလများကို အာသဝဂေါစ္ဆက ကဲ့သို့ဖော်၍ ဟောရမည်။

------

### မဟန္တရဒုက် အဖြေ

**(၅၅) သာရမ္မဏဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## မဟန္တရဒုက် အဖြေ

**(၆၁) စိတ္တသဟဘုဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်နှင့် တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘုဒုက်**

(သမ္မပ္ပဓာန်လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်း တကွဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အပ 'ဗဟိဒ္ဓ' ၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မဟာဘုတ်လေးပါးကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သောကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

------

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉ္စာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ဥပါဒါနဂေါစ္ဆက အဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဥပါဒါန် မမည်ကုန်။ပ။

**မှတ်ချက်။** ။ ဥပါဒါနဂေါစ္ဆကနှင့် ကိလေသဂေါစ္ဆက၌ ပေယျာလတို့ကို အာသဝဂေါစ္ဆက ကဲ့သို့ ဖော်၍ ဟောပါလေ။

------

## ကိလေသဂေါစ္ဆက အဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

------

## ပိဋ္ဌိဒုက် အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဉှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ပိဋ္ဌိဒုက် အဖြေ

**(၈၇) သဝိတက္ကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ဝိတက်နှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိတက်နှင့် တကွ မဖြစ်ကုန်။

**(၈၈) သဝိစာရဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ဝိစာရနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ဝိစာရနှင့် တကွ မဖြစ်ကုန်။

**(၈၉) သပ္ပီတိကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ပီတိရှိကုန်၏။ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ပီတိနှင့် တကွ ဖြစ်ကုန်၏။ ရံခါ ပီတိနှင့် တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့် တကွမဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွမဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ကာမာဝစရ မမည်ကုန်။

**(၉၄) ရူပါဝစရဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ရူပါဝစရ မမည်ကုန်။

**(၉၅) အရူပါဝစရဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) အရူပါဝစရ မမည်ကုန်။

# သမ္မပ္ပဓာနဝိဘင်္ဂ

## === ၃ - ပဥှာပုစ္ဆကနည်း ===

## ဒုက် (၁၀၀) တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

### ပိဋ္ဌိဒုက် အဖြေ

**(၉၆) ပရိယာပန္နဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဝဋ္ဋတရား၌ အကျုံးမဝင်ကုန်။

**(၉၇) နိယျာနိကဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်ကုန်၏၊

**(၉၈) နိယတဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲကုန်၏။

**(၉၉) သဥတ္တရဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) မိမိထက်လွန်မြတ်သော တရား မရှိကုန်။

**(၁၀၀) သရဏဒုက်**

(သမ္မပ္ပဓာန် လေးပါးတို့သည်) ငိုကြွေးကြောင်း ကိလေသာ မရှိကုန်။

**သမ္မပ္ပဓာန်လေးပါးတို့ကိုတိက်, ဒုက်တို့ဖြင့် အမေးအဖြေပြု၍**

**ဟောကြားသော ပဥှာပုစ္ဆကနည်းပြီး၏။**

## သမ္မပ္ပဓာန်လေးပါးတို့ကို ဝေဖန်၍ ပြသော

## သမ္မပ္ပဓာနဝိဘင်း ပြီးပြီ။

------